MINISTRY OF EDUCATION, SINGAPORE
in collaboration with
CAMBRIDGE ASSESSMENT INTERNATIONAL EDUCATION
General Certificate of Education Ordinary Level

# BURMESE

**3249/01**

Paper 1

**October/November 2023**

**3 hours**

No Additional Materials are required.

*3195371749*

**READ THESE INSTRUCTIONS FIRST**

An answer booklet will be provided with this question paper. You should follow the instructions on the front cover of the answer booklet. If you need additional answer paper ask the invigilator for a continuation booklet.

The number of marks is given in brackets [ ] at the end of each question or part question.



Singapore Examinations and Assessment Board

Cambridge Assessment International Education

© UCLES & MOE 2023

DC (LK) 316766/1

## Section A – Composition

**1** From the topics listed below, write **only two** compositions in **Burmese**, each of about one to two pages in length.

**(a)** Vegetarian options should be offered in the menu of school canteens. What is your opinion?

**(b)** Write a letter to a childhood friend telling him/her about a school project that you were recently assigned for a class.

**(c)** Describe a surprise birthday party that you recently organised in a park.

**(d)** Write about the first concert you attended without your parents.

**(e)** Write a dialogue between two friends who are playing a board game.

[25 × 2]

## Section B – Translation

**2** Translate the following passage into **English**.

မြို့တစ်မြို့မှာ အနီးအနားက မြို့နဲ့ရွာတွေကို သွားတဲ့ အဝေးပြေးကားဂိတ်တစ်ခု ရှိတယ်။ တစ်နေ့မှာ ခရီးသည်တွေက ကားပေါ်ရောက်နေကြတာ ကားက ပြည့်လုနီးပါးပဲ။ ဒါပေမယ့် ဒီကားက မထွက်သေးဘူး။ မကြာခင်ထွက်မယ့်ပုံလည်း မပေါ်ဘူး။ ဒီတော့ ကားပေါ်က ခရီးသည်တွေကလည်း စိတ်မရှည်ကြတော့ဘူး။ လက်မှတ်ရောင်းကတော့ ဘတ်စကားနောက်မှာ လက်ဖက်ရည်ကြမ်းသောက်ပြီး လူတစ်ယောက်နဲ့ စကားပြောနေတယ်။ ဒီတော့ ခရီးသည်တစ်ယောက်က "ကား မထွက်သေးဘူးလား။ ဘယ်တော့ ထွက်မှာလဲ"လို့ မေးလိုက်တယ်။ အဲဒီအခါ လက်မှတ်ရောင်းက "လူတစ်ယောက် လိုနေသေးလို့"လို့ ပြန်ပြောတယ်။ အဲဒီအခါ ခရီးသည်က "ကားထွက်ချိန် တော်တော်လွန်နေပြီ"လို့ ပြောပေမယ့် လက်မှတ်ရောင်းက "လူတစ်ယောက်လိုနေသေးလို့ပါ"လို့ပဲ ပြန်ပြောတယ်။ အဲဒီအခါ ခရီးသည်ကလည်း အိမ်မြန်မြန်ပြန်ရောက်ချင်တာနဲ့ "ဒီလိုဆို အဲဒီလူတစ်ယောက်အတွက် လက်မှတ်ဖိုး ကျုပ် ပေးမယ်ဗျာ။ ဒီလိုဆို သွားလို့ရပြီမဟုတ်လား"လို့ အော်ပြောတယ်။ အဲဒီတော့မှ လက်မှတ်ရောင်းက "လိုတဲ့တစ်ယောက်က ကားမောင်းသမားဗျ၊ ကားမောင်းသမား"လို့ ပြန်အော်ပြောလိုက်တယ်။

[10]

© UCLES & MOE 2023 

**3** Translate the following passage into **Burmese**.

There was a man waiting next to a motorcycle in front of my guesthouse. I had no idea who he might be. When I came out of the guesthouse, he came towards me and asked me where I wanted to go. I ignored him and got into a taxi. Then I saw him following my taxi to the train station. At the station, he just watched me getting on the train without saying a word. Then the train left the station.

The place that I wanted to visit was on a small hill in the centre of town. It was a single-storey building painted white. When I got to the front door and opened it, a man with a smile on his face asked me: 'How may I help you?'

[20]

© UCLES & MOE 2023

## Section C – Comprehension

Do **not** translate the passage below. First read the **whole passage** carefully and then answer the questions that follow in **Burmese** and in your own words as far as possible.

ရှေးရှေးတုန်းက မြန်မာဘုရင်တွေဟာ ဆင်ဖြူပိုင်ရင် ဘုန်းကြီးတယ်လို့ ယူဆကြပြီး ဘုရင်ကြီးတစ်ပါးမှာ ဆင်ဖြူရှိရင် ဒီဘုရင်ကို ဆင်ဖြူရှင်မင်းလို့ခေါ်ကြတယ်။

တစ်နေ့မှာ မြန်မာဘုရင်ကို အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံက ဆင်တစ်ကောင်ဆက်သတယ်။ ဒါပေမယ့် ဒီဆင်ဟာ ကြီးပြီးလှပေမယ့် ဆင်ညိုကြီးဖြစ်နေလို့ ဘုရင်ကြီးက "သူတို့က ဆင်ညိုကြီးကိုတော့ အကြောင်းမဲ့ ဆက်သမှာမဟုတ်ဘူး"လို့ တွေးပြီး သူ့ရဲ့ဆင်ထိန်းတွေကို ဒီဆင်မှာ ဆင်ဖြူတော်တွေရဲ့ လက္ခဏာပါ၊ မပါ စစ်ဆေးခိုင်းတယ်။

ဆင်ထိန်းတွေက ဒီဆင်ကို စစ်ဆေးကြည့်တဲ့အခါ ဆင်ဖြူတော်လက္ခဏာတစ်ခုမှ မပါကြောင်း သိရပေမယ့် ဘုရင်ကြီးကို ဒီသတင်းဆိုး မပေးရဲကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘုရင်ကြီးက ဒီသတင်းကို သဘောမတွေ့ရင် သူတို့ မင်းပြစ်မင်းဒဏ်ခံရနိုင်မှန်းသိကြတယ်။ အဲဒီအချိန်မှာ ဖြတ်ထိုးဉာဏ်ကောင်းပြီး ပျော်ပျော်ရွှင်ရွှင်နေတတ်တဲ့ အမတ်တစ်ပါးရောက်လာတယ်။ ဘုရင်ကြီးကလည်း ဒီအမတ်ကြီးကို အယုံအကြည်ရှိပြီး သူပြောသမျှကို လက်ခံတတ်တယ်ဆိုတာ နန်းတော်ကလူတိုင်းက သိကြတယ်။ ဆင်ထိန်းတွေက ဒီအမတ်ကြီးကို အကျိုးအကြောင်းစုံ ရှင်းပြကြတဲ့အခါ သူက "ကဲ၊ ကဲ၊ ဘာမှ စိတ်မပူပါနဲ့။ ဘုရင်ကြီးကို သွားလျှောက်ကြစို့"လို့သာ ပြောပြီး သူတို့အားလုံး နန်းတော်ထဲကို ဝင်ခဲ့ကြတယ်။

နန်းတော်ထဲက ဘုရင်ကြီးရဲ့ရှေ့ရောက်တာနဲ့ ဘုရင်ကြီးက ဒီအမတ်ကြီးကို တန်းပြီး "ငါ ကိုယ်တော်မြတ်ကို ဟိုဘက်နိုင်ငံက လက်ဆောင်အဖြစ်ဆက်သတဲ့ ဆင်ညိုကြီးမှာ ဆင်ဖြူတော်လက္ခဏာတွေ ပါတယ်မဟုတ်လားကွဲ့"လို့ မေးလိုက်တယ်။ အမတ်ကြီးက ချက်ချင်းဘဲ "မှန်လှပါ၊ ဘုန်းတော်ကြီးလှသော အရှင်မင်းကြီးဘုရား၊ ယခု အရှင်မင်းကြီးကို ဆက်သလာသော ဆင်မှာ *ဟေမဆင်*ဟု နာမည်ကျော်ကြားသော ဆင်ဖြစ်၍ နောင်အနှစ် ခြောက်ဆယ်ကြာမှသာ တကိုယ်လုံး ဆွတ်ဆွတ် ဖြူလာမည့် ဆင်ဖြူတော်သာ ဖြစ်ပါသည်။ ထို့ ကြောင့် ဤဆင်ကို ဆင်ဖြူတော်ဟု သတ်မှတ်နိုင်ပါသည်ဘုရား"လို့ လျှောက်လိုက်တယ်။

ဒီအခါ ဘုရင်ကြီးက အရမ်းသဘောကျသွားပြီး အမတ်ကြီးကိုရော၊ ဆင်ထိန်းတွေကိုရော၊ ဆင်ကို လက်ဆောင်အဖြစ်လာဆက်သတဲ့လူတွေကိုရော ဆုတွေလာဘ်တွေ ပေးလိုက်တယ်။

လမ်းမှာ ဆင်ထိန်းတွေက အမတ်ကြီးကို "ခင်ဗျား ဘုရင်ကြီးကို မဟုတ်တာ လျှောက်လိုက်တော့ ခင်ဗျား မကြာခင်ဒုက္ခရောက်တော့မှာ မကြောက်ဘူးလား၊ နောက်အနှစ်(၆၀) ကြာတဲ့အခါ ဆင်ကြီးက တကိုယ်လုံး တကယ်ဖြူလာမှာလား၊ မဖြူလာရင် ခင်ဗျား ဘယ်လိုလုပ်မလဲ"လို့ မေးကြတယ်။ အဲဒီအခါမှာ အမတ်ကြီးက ဟက်ဟက်ပက်ပက်ရယ်ပြီး "ခင်ဗျားတို့က စိတ်ပူစရာမရှိတာကို ရှာကြံပူချင်ကြတာကိုး၊ နောက်နှစ်(၆၀) ကြာတဲ့အခါ ခင်ဗျားတို့ရော၊ ကျွန်တော်ရော၊ ဘုရင်ကြီးရော၊ ဆင်ကြီးပါ ရှိပါ့ဦးမလားဗျာ၊ ဒီတော့ အဲဒီအခါမှာ ဆင်ကြီးက ဖြူတာ၊ မဖြူတာ ဘယ်သူက သိမှာတုန်း"လို့ ပြန်ပြောလိုက်မှ အနားက လူအားလုံး စိတ်အေးသွားပြီး ဝိုင်းရယ်နိုင်ကြတော့တယ်။

**4** **(a)** ရှေးမြန်မာတွေက ရှင်ဘုရင်နဲ့ပတ်သက်ပြီး ဘာယုံကြည်ကြသလဲ။ [1]

**(b)** "ဆင်ဖြူရှင်မင်း"ဆိုတာ ဘာလဲ။ [1]

**5** တစ်နေ့မှာ မြန်မာဘုရင်က ဘာလက်ဆောင်ရသလဲ။ ဘယ်သူ့ဆီကလဲ။ [2]

**6** အဲဒီလက်ဆောင်ရတဲ့အခါ ဘုရင်က ဘာလုပ်ခိုင်းသလဲ။ ဘာဖြစ်လို့လဲ။ [2]

**7** ဆင်ထိန်းတွေက စစ်ဆေးပြီးတဲ့အခါ ဘာသိရသလဲ။ [1]

**8** ဒီလူတွေက ဘုရင်ကို ဘာဖြစ်လို့ အမှန်မပြောရဲသလဲ။ [1]

**9** ဆင်ထိန်းတွေက ဒီအချိန်မှာ ရောက်လာတဲ့အမတ်ကြီးကို ဘာလို့ အကူအညီ တောင်းကြသလဲ။ အချက် (၃)ခု ရေးပါ။ [3]

**10** ဒီအမတ်ကြီးက အကြောင်းစုံသိတဲ့အခါ ဘာလုပ်သလဲ။ (၂)ခု ရေးပါ။ [2]

**11** ဘုရင်ကြီးက သူတို့ကို တွေ့တွေ့ချင်း ဘာလုပ်သလဲ။ [1]

**12** အမတ်ကြီးအပြောအရ ဒီဆင်က ဆင်ဖြူတော် ဟုတ်၊ မဟုတ် ဘယ်တော့ သိရမလဲ။ [1]

**13** "ဟေမဆင်"ဆိုတာ ဘာလဲ ရှင်းပြပါ။ (၂)ခု ပြောပါ။ [2]

**14** နန်းတော်က အပြင်ရောက်လာတော့ ဆင်ထိန်းတွေက ဘာလုပ်ကြသလဲ။ [1]

**15** အဲဒီအခါ အမတ်ကြီးက ဘာဖြစ်လို့ ရယ်သလဲ။ (၂)ခု ရေးပါ။ [2]

© UCLES & MOE 2023

**BLANK PAGE**

**BLANK PAGE**

© UCLES & MOE 2023

**BLANK PAGE**

*Copyright Acknowledgements:*

Question 2 © Kan Khyun; *Still need one person,* from *Own humour of Kan Khyun*; https://burmareader.com/Books/Details/585152fc7d5143019909e58405794043 1997.
Question 3 © Ko Nay, Man; Burmese translation of *Finding George Orwell & Burmese Days in Myanmar*; Thin Press, Yangon; 2015.
Questions 4–15 © Kaung Htoo; *The time when the black elephant will become white*, from *Selected humorous stories, a compilation of memorable discourses that made the King smile by Minister, the Sage U Paw U*; U Khin Maung U, Yangon; 2007.

Permission to reproduce items where third-party owned material protected by copyright is included has been sought and cleared where possible. Every reasonable effort has been made by the publisher (UCLES) to trace copyright holders, but if any items requiring clearance have unwittingly been included, the publisher will be pleased to make amends at the earliest possible opportunity.

Cambridge Assessment International Education is part of Cambridge Assessment. Cambridge Assessment is the brand name of the University of Cambridge Local Examinations Syndicate (UCLES), which is a department of the University of Cambridge.